## ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်

## (၂/၂၀၁၀)

## ၁၃ – ၃ – ၂၀၁၀

## အလျှော့မပေးနိုင်သည်များကိုတောင်းလို့ကတော့ ဘယ်တော့မှမဖြစ်နိုင်

နအဖ အစိုးရ၏ ရွေးကောက်ပွဲနှင့်ပတ်သက်သော ဥပဒေများတခုပြီးတခု ထွက်လာနေပြီ။ ယင်းတို့ကို သက်ဆိုင်ရာ ကာယကံရှင်များနှင့် ဥပဒေကျွမ်းကျင်သူများက ဝေဖန်ပြောဆိုသည်များလည်း မပြတ်ကြားနေရသည်။ ဗကပ အနေဖြင့် ထပ်ပြီးဖြည့်စရာ မလိုသလောက်ပင် ဖြစ်သည်။

နအဖ က ဥပဒေဟု ဆိုထားသော်လည်း ဤထုတ်ပြန်ချက်များမှာ တိကျသော အဖွဲ့အစည်းတခု၊ လူတဦး တယောက်အား ပစ်မှတ်ထားမှုန်း သိသာလွန်းလှသည်။ ပြည်သူလူထုက မျှော်လင့်စောင့်စားနေသော ဗိုလ်သန်းရွှေထံ ဒေါ်အောင်ဆန်းစုကြည်၏ ပေးစာနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်တို့ကို နအဖ စစ်ဗိုလ်ချုပ်တွေက အကြောင်းပြန်လိုက်သည့် အဓိပ္ပာယ်ပင် ဖြစ်သည်။ အဓိပ္ပာယ်မှာ ငြင်းပယ်သည်။ တချက်မှလက်မခံ ဆိုသည့်သဘောပင် ဖြစ်သည်။

အချို့က နအဖ ၏ရွေးကောက်ပွဲကို အဆင်တန်ဆာသာ ဖြစ်သည်ဟု ဆိုကြသည်။ ယခုတော့ အဆင်တန်ဆာ မဟုတ်ကြောင်း ထိုးနှက်စရာလက်နက်တခုမှန်း ထင်ရှားသွားပြီ။ နှစ်ဘက်နိုင်ဖြေရှင်းနည်း (win-win solution) တို့၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ သူမနာကိုယ်မနာ ဖြေရှင်းနည်းတို့ဖြင့် ဖြေရှင်းရန် ဆိုသည်မှာ ယနေ့ဗမာပြည်နိုင်ငံရေးတွင် မဖြစ်နိုင်ကြောင်း အဖြေထွက်ခဲ့ပြီဟု ဆိုရပေမည်။

ဤသို့သော အချိန်တွင် ဗကပ အနေဖြင့် ရှေ့အလားအလာကိုတွက်ပြီး မိမိတို့၏အတွေ့အကြုံနှင့် သင်ခန်းစာ အချို့ကို စဉ်းစားနိုင်ရန် ဝေငှလိုပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မြို့နယ်ရုံးများကို ဖွင့်ခွင့်ပေးလိုက်သည်ဆိုသောကြောင့် အဖွဲ့ချုပ်အဖွဲ့ဝင်များ ဝမ်းသာအားရ၊ တက်တက်ကြွကြွလှုပ်ရှားနေသည်ကို တွေ့မြင်ရပါသည်။ နအဖ ၏ ဤခြေလှမ်းကို မိမိတို့အကျိုးရှိသလို အသုံးပြုခြင်းမှာ ကောင်းပါသည်။ သို့သော် ဒီမိုကရေစီဖွင့်ပေးပြီဟု ယူဆကာ ကိုယ့်ဘက်က သတိလက်လွတ် မဖြစ်စေလိုပါ။

ဗမာပြည်က စစ်အုပ်စုမှာ ယင်းတို့သန္ဓေတည်ကတည်းက အထက်စီးကသာ စကားပြောလေ့ ရှိပါသည်။ ဗကပ က ပြည်တွင်းငြိမ်းချမ်းရေး ကမ်းလှမ်းသောအခါ သူတို့က “လျှောက်ပြောမနေနဲ့၊ မင်းတို့ရှုံးတာကို ဝန်ခံပြီး လက်နက်သာ ချလာခဲ့ကြ” ဟု တုံ့ပြန်ခဲ့သည်။ သူတို့အနေဖြင့် မတတ်သာလွန်းလို့ စေ့စပ်စကားပြောခြင်း လုပ်ရသော အခါများတွင်လည်း အကြွင်းမဲ့ လက်နက်ချခိုင်းလေ့ ရှိသည်ဆိုခြင်းကို မမေ့သင့်ပါ။

အခု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မြို့နယ်ရုံးများကို ဖွင့်လှစ်စေ၊ လှုပ်ရှားစေခြင်းမှာ အဖွဲ့ချုပ်၏ နောက်ဆုံးကျန် လူစာရင်းကို ကောက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဘယ်သူတွေ တက်ကြွလို့၊ ဘယ်သူတွေ ထိုင်သွားပြီဆိုခြင်းကို သေချာအောင် လုပ်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ၁၉၄၈ ခုနှစ်တုန်းက ဗကပ ဒီလိုပဲ ခံခဲ့ရဖူးပါသည်။ ဖဆပလ အစိုးရသည် နယ်ချဲ့သမားထားခဲ့သော အကဲစ်ဘီစာရင်းကိုကိုင်ပြီး တပြည်လုံးမှာရှိသည့် ဗကပ များကို ဖမ်းဆီးခဲ့ပါသည်။ နယ်တွင်ရှိသော ပါတီဝင်၊ (တောင်သူ လယ်သမား) သမဂ္ဂဝင်များ မကျန်သလောက် အဖမ်းခံခဲ့ရပါသည်။

အခုလည်း နအဖ ဘက်ကစပြီး အမြောက်ဖြင့် ပစ်နေပါပြီ။ ကြောက်စရာ မလိုပါ။ စည်းလုံးကြ၊ သတိရှိကြဖို့သာ လိုပါသည်။